## “ခရီးသွားလာရေး”

# ယွမ်ပင်းက ကျွန်တော်တို့အတွက်မြန်မာနိုင်ငံအရသာကိုပြန်လည်ခံစားစေတယ်

“၂၀၁၇ခုနှစ် တရုတ်မြန်မာ မော်တော်ကားယဉ်ကျေးမှုပြပွဲ”အစီအစဉ်ကို သတင်းထောက်က မပြီးဆုံးစေချင်သေးသော်လည်း ဒီဇင်ဘာလ(၂)ရက်နေ့တွင် ပွဲပြီးဆုံးခဲ့သည်။ အချိန်နောက်ပြန်လှည့်၍မရ။ သတင်းထောက်သည် ယခုအကြိမ်အစီအစဉ်၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်းဥက္ကဋ္ဌ ယွမ်ပင်းကိုရှာပြီး အစီအစဉ်တစ်လမ်းလုံး၏ ပျော်ရွှင်ဖွယ်ရာများနှင့်သာယာဖွယ်များကို ပြန်ပြောင်းပြောပြစေကာ အရသာပြန်လည်ခံစားခဲ့ရသည်။

မြန်မာနိုင်ငံသို့ သတင်းထောက်နှင့် ပြသမှုအဖွဲ့ ပထမဆုံးရောက်ရှိသည့်ဂိတ်မှာ တရုတ်နိုင်ငံနိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာနဝန်ကြီးဝမ်ရိမှ တင်ပြသော “တရုတ်မြန်မာ ‘လူ’ စာလုံးစီးပွားရေးစင်္ကြံ”အတွေးထဲမှအဓိကဗိုဂ့် မန္တလေးမြို့ဖြစ်ပါသည်။ ယွမ်ပင်းသည် အဖွဲ့ဝင်များကို ဦးပိန်တံတားသို့ခေါ်သွားပြီး ညနေ နေဝင်ချိန်ကိုသွားရောက်ရှုစားစေလိုသော်လည်း ဦးပိန်တံတားတွင် မိုးရွာနေသည်။ မိုးကောင်းကင်တစ်ခုလုံးမှာ မှောင်မိုက်နေပြီး ဈေးရောင်းသမားများလည်း ပစ္စည်းများသိမ်းဆည်းနေကာ သွားလာနေသည့်လူများဖြင့် တံတား၏ ရှုခင်းပုံရိပ်နောက်တစ်မျိုးကို တွေ့မြင်ရပါသည်။ တံတားသစ်သားတိုင်များအကြားထဲမှ အောက်ကိုငုံကြည့်သော် ရေလှိုင်းကြီးနေသောကြောင့် သတင်းထောက်မှာ အင်းအလယ်ထဲသို့ ဆက်မလျှောက်နိုင်ခဲ့ပေ။ သို့သော်ယွမ်ပင်းက လျှောက်သွားပြီး “ကောင်းလိုက်တာ။” ဟုပြောကာ “ဟိုဘက်က လူတစ်ယောက်ဆိုရင်ဆံပင်တွေလည်း ရှုပ်ပွနေပြီ။”ဟု ရယ်မောနေခဲ့သည်။ အဲဒါကြောင့် မိုးအုပ်မိုးရွာနေရင်လမင်းလည်း မထွက်လာနိုင်ပဲ့လား အထူးသဖြင့် ဒီမှာဆိုရင် ထွက်လာတာနဲ့ ရေထဲကို လေတိုက်လွင့်ပါသွားနိုင်လောက်တယ်ဟု သတင်းထောက်က စဉ်းစားခဲ့သည်။

အင်းလေးကန်သည် ယခုခရီးစဉ်ထဲမှ အဖွဲ့ဝင်များမမေ့နိုင်သည့် နေရာဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်ယွမ်ပင်းသည် မိုးမလင်းမီ အင်းရေဘေးတွင်ရပ်ပြီး လေကောင်းလေသန့်ခံစားနေပြီးအားလုံးကို “တောင်၊ရေ၊ ရိုးသားသောလူများ”ဟု ပြောကြားခဲ့သည်။ အဖွဲ့ခေါင်းဆောင်ကလည်း အနုပညာဆန်လှပါဘိဟု သတင်းထောက်က တွေးတောခဲ့သည်။ ဓာတ်ပုံဆရာ လေထုံစူးသည် သဘာဝအသံများကိုနားဆင်ပြီး တံတားရှည်ကိုဖြတ်ကာ ဟိုဘက်လမ်းကအကောင်အသံတွေ ကြားနိုင်တယ်။ ဒီဘက်လမ်းကလူနေအိမ်ဆိုတော့ ကြက်သံနှင့် ဘဲသံကြားနိုင်တယ်ဟု လျှောက်ရင်းပြောခဲ့သည်။ အဖွဲ့ဝင်အားလုံးကလည်း “အင်းလေးမှာတစ်ပတ်လောက်နေပါ”ဟု တောင်းဆိုနေပါတော့သည်။



ပုဂံတွင်ယွမ်ပင်းကအဖွဲ့ဝင်များကို ခေါ်ဆောင်ပြီးစေတီအပေါ်သို့တက်ကာ နေထွက်ချိန်ကို သွားရောက်ရှုစားခဲ့သည်။ ကျွန်တော်တို့သည် တစ်တန်းတည်းထိုင်ပြီးနေထွက်ခြင်းကိုစောင့်မျှော်ခဲ့ကြသည်။ နေထွက်သည်ကိုလာရောက်ကြည့်ရှုကြသည့်လူမှာ အဆက်မပြတ်လာနေကြသည်။ ကားများ၊ လက်နှိပ်မီးထွန်းထားသောစက်ဘီးအဖွဲ့များ လာရောက်ကြသည်။ ခရီးသည်များမှာ ဖုန်းကိုကိုင်ပြီး “ဒီဟာက venus ကြယ်ဖြစ်တယ်။” “ဒီဟာက galaxy ဖြစ်တယ်” ဟုဆွေးနွေးနေကြသည်။ ကြယ်စင်ဝင်းပသော မိုးကောင်းကင်ကြီးတွင်အချိန်တစ်နာရီကျော်ပြီးနောက် နေမင်းထွက်လာခဲ့သည်။ အားလုံးမှာစကားမပြောတော့ဘဲ ဆိတ်ငြိမ်စွာ ကြည့်ရှုခံစားနေကြသည်။ ယွမ်ပင်းကအားလုံးအတွက်ဓာတ်ပုံရိုက်ခဲ့သည်။ ပြီးနောက်ခရီးသည်များကလည်း စုပေါင်းပုံများ၊ အဝေးပုံများ ပုံစံများစွာဖြင့် ရှုခင်းကိုအမှတ်တရဖြစ်အောင် ဓာတ်ပုံရိုက်နေကြပါတော့သည်။ ကျွန်တော်တို့လည်းပါဝင်ခဲ့ကြသည်။

“ဒီရှုခင်းတွေဟာ တရုတ်ဧည့်သည်တွေအတွက် အလွန်ကြီးမားတဲ့ဆွဲဆောင်မှုရှိတယ်။ အထူးသဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း ဆောင်းတွင်းဝင်သည့်အချိန်မှာ ဆွဲဆောင်မှုရှိပါတယ်။” ဟု သတင်းထောက်ထံယွမ်ပင်းက ပြောပြခဲ့သည်။ ခရီးသည်များအပြန်အလှန်ပို့ပေးသည့်အပြင် ယူနန်ပြည်နယ် ခရီးသွားလုပ်ငန်းအသင်းသည် တရုတ်မြန်မာနှစ်နိုင်ငံအစိုးရနှင့် လုပ်ငန်းများ၏ ချိတ်ဆက်ပေးသည့် ပေါင်းကူးတံတားအဖြစ်လုပ်ဆောင်ရသည်။ နှစ်ဖက်ခရီးသွားရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားဝန်ဆောင်မှု၊ ထက်မြက်လူထူးချွန်မွေးထုတ်မှုစသည့်အဆင့်မြင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းမှုများလုပ်ဆောင်ရမည်။



ဒီဇင်ဘာလ(၂)ရက်နေ့မှာ မြန်မာနိုင်ငံခရီးစဉ်များ အောင်မြင်စွာပြီးဆုံးခဲ့သော်လည်း အဖွဲ့ဝင်များ၏ မြူးကြွသောစိတ်မှာ မပြီးဆုံးသေးပေ။ ဒီဇင်ဘာလ(၃)ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်ရောက်သော အဖွဲ့ဝင်များသည် နံနက်(၅)နာရီခွဲက Wechatတွင် တစ်ယောက် က မြန်မာအစားအစာသွားစားနေပြီး တစ်ယောက်က ရန်ကုန်ကို ကားမောင်းသွားနေပြီဟု ကျွန်တော်တို့ “လမ်းပေါ်မှာ”ရှိနေသေးသည့်အခြေအနေကို ဟန်ဆောင်နေကြသည်။ ယွမ်ပင်း၏ ‘လူ’စာလုံးစီးပွားရေးစင်္ကြံအတွေးအရ ခရီးသွားလာရေးလုပ်ငန်းသည် ရှေ့ဆောင်ရှေ့ပြေးပြီး နှစ်ဖက်မှ ပြည်သူများသွားလာမှုနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို တွန်းဆော်မည်ဖြစ်၍ နှစ်နိုင်ငံပြည်သူတို့ အကျိုးအတွက် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ဆောက်လုပ်ရေးအတွင်းသို့ တက်ကြွစွာဝန်ဆောင်မှုပေးပြီး ပါဝင်ကြမည်ဖြစ်သည်။”ထိုစကားကို သတင်းထောက်က ပြန်လည်စဉ်းစားနေမိပါသည်။ တရုတ်အိပ်မက်၊ မြန်မာအိပ်မက်၊ သာယာသောအိပ်မက်အတွက် ကျွန်တော်တို့လည်း အတူကြိုးပမ်းကြရအောင်။

သတင်းထောက် ချောင်ယူပေါ်
စူးဝိမ် လေထုံစူး

# “ယဉ်ကျေးမှုသတင်းတို”

# အိန္ဒိယတွင် ယူနန်နော်မန်တက္ကသိုလ်သည် ပထမဆုံးကွန်ဖြူးရှပ်စင်တာကိုတည်ထောင်ခဲ့

(ဆင်ဟွာသတင်းဌာန သတင်းထောက်ဟူရှောင်မင်) နိုဝင်ဘာလ(၂၈)ရက်နေ့က အိန္ဒိယနိုင်ငံ ပထမဆုံးကွန်ဖြူးရှပ်စာသင်ခန်း(စင်တာ)ကို အနောက်ဘင်္ဂလားကလကတ္တားမြို့တွင် တည်ထောင်ခဲ့သည်။ ကလကတ္တားကွန်ဖြူးရှပ်စင်တာကို ယူနန်နော်မန်တက္ကသိုလ်နှင့် ကလကတ္တားတရုတ်ကျောင်းတို့မှ ပူးပေါင်းပြီးတည်ထောင်ကြသည်။ တရုတ်စာပညာသင်ကြားရေး၊ တရုတ်စာအရည်အချင်းစစ်စာမေးပွဲ၊ မူလတန်းအထက်တန်းကျောင်းသား တရုတ်စာစစ်စာမေးပွဲ၊တရုတ်နိုင်ငံပညာတော်သင်မေးမြန်းစုံစမ်းခြင်းစသည့် လုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်သည်။ ယူနန်နော်မန်တက္ကသိုလ်မှ ဆရာများကို ဒေသခံသို့စေလွှတ်ပြီးမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် တရုတ်စာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကွန်ဖြူးရှပ်စင်တာကိုဖွင့်လှစ်ခြင်းသည် တရုတ်နိုင်ငံနှင့် အိန္ဒိယအရှေ့ပိုင်းဒေသ၏ လူမှုယဉ်ကျေးမှုဖလှယ်ဆက်ဆံရေးတွင် အလွန်ကြီးမားသည့် ကိစ္စရပ်ဖြစ်ပါကြောင်း ကလကတ္တားအခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်မာကျန်းဝူက ပြောကြားခဲ့သည်။ တရုတ်အိန္ဒိယလူမှုယဉ်ကျေးမှုနှင့်ကုန်သွယ်မှုဖလှယ်ရေး အဆက်မပြတ်တိုးတက်နေသည့် အခြေအနေနှင့် ကိုက်ညီပါကြောင်း ပြောကြားသည်။

အိန္ဒိယ၏ ပထမဆုံးကွန်ဖြူးရှပ်စင်တာဖွင့်လှစ်သည့် အနက်အဓိပ္ပာယ်မှာ အလွန်နက်ရှိုင်းလှပါကြောင်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည့် အိန္ဒိယပြည်သူ့လွှတ်တော် တီနရှီ•ထပ်လီဝေတီကပြောကြားသည်။ အနောက်ဘင်္ဂလားအစိုးရသည် ပြည်ပနှင့်ဖလှယ်ဆက်ဆံရေးကို အစွမ်းကုန်လုပ်ဆောင်နေပြီး ကွန်ဖြူးရှပ်စင်တာသည်အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် ဖလှယ်ရေးအပိုင်းကဏ္ဍတွင် အလေးပါသည့်အကျိုးသက်ရောက်မှုလုပ်ဆောင်နိုင်မည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။